**၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ**

**အောင်မြင်မှု ခရီးလမ်း**

## ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုအတွက် အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်ရည် မြှင့်တင်မှု



*နံ့ယောကျေးရွာ အမျိုးသမီးအဖွဲ့ဝင်များအတွက် Chiffon ကိတ်မုန့်ဖုတ်နည်းကို မဝေမာ သရုပ်ပြနေပုံ*

စီးပွားရေးလုပ်ငန်းတွေမှာ အမျိုးသမီးတွေ ပါဝင်စေခြင်းက ရေရှည်တည်တံ့ပြီး ခိုင်မာတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပါတယ်။ လုပ်ငန်းတစ်ခုမှာ လုပ်ငန်းရှင်၊ ဝန်ထမ်းနဲ့ စားသုံးသူအဖြစ် အမျိုးသမီးတွေ အညီအမျှ ပါဝင်နိုင်ခြင်းက စီးပွားရေး၊ လူမှုဝန်းကျင်နဲ့ နိုင်ငံအတွက် ကောင်းမွန်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး နံ့ယောကျေးရွာမှ ကျေးရွာဖွံ့ဖြိုးရေး လုပ်အားပေးဆရာမ မဝေမာကတော့ သူ့ရပ်ရွာလူထုအတွက် အခန်းကဏ္ဍအမျိုးမျိုးမှာ ပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။ အသက် ၃၈ နှစ်ရှိပြီ ဖြစ်တဲ့ ဆရာမဟာ အမျိုးသမီးအဖွဲ့ မုန့်လုပ်ငန်းရဲ့ ခေါင်းဆောင်ပါ၊ ဒေသဆိုင်ရာ တောင်သူများဖွံ့ဖြိုးရေးအဖွဲ့ (RFDA) ရဲ့ စာရင်းကိုင်၊ နောက်ပြီးတော့ ကျေးရွာစာကြည့်တိုက်မှူးလည်း ဖြစ်ပါတယ်။

"လုပ်အားပေးတဲ့အတွက် ကျွန်မရဲ့ လူမှုရေး၊ ရပ်ရွာလူထုနဲ့ ပေါင်းသင်းဆက်ဆံမှု စွမ်းရည်တွေ တိုးတက်လာပါတယ်၊ ပြီးတော့ ငွေကြေး စီမံခန့်ခွဲမှု ဗဟုသုတလည်း တိုးလာတယ်" လို့ ပြောပါတယ်။

အမျိုးသမီးများဦးဆောင်တဲ့ မုန့်လုပ်ငန်းကို DaNa Facility မှ UKaid ၏ ရန်ပုံငွေဖြင့် ICCO P4 စီမံကိန်းနဲ့ ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့(NAG) တို့ ပံ့ပိုးအကောင်အထည်ဖော်တာ ဖြစ်ပါတယ်။ အမျိုးသမီးအဖွဲ့တွေ ဖွဲ့စည်းခြင်းနဲ့ အမျိုးသမီးတွေ ဦးဆောင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို အားပေးကူညီခြင်းဖြင့် စီမံကိန်းက ရန်ကုန်တိုင်းဒေသကြီး ခရမ်းနဲ့ သုံးခွမြို့နယ်မှ အမျိုးသမီးတွေရဲ့ စီးပွားရေးစွမ်းဆောင်ရည်ကို မြှင့်တင်ပေးပါတယ်။

လစဉ် အဖွဲ့ဝင်တွေက အတိုးနှုန်းနိမ့် စုငွေနဲ့ ချေးငွေရန်ပုံငွေအတွက် ၂၀၀၀ ကျပ်ကို အဖွဲ့ ဝင်ကြေး ပေးကြပါတယ်။ ရန်ပုံငွေဟာ အဓိက အကျိုးကျေးဇူး နှစ်ချက် ရှိပါတယ်- တစ်ချက်က ရွာတွင်း ငွေချေးသူတွေ ကောက်ခံတဲ့ ၁၀ -၂၀% အတိုးနှုန်းနဲ့စာရင် အဖွဲ့ဝင်တွေအတွက် ၂% အတိုးနှုန်းက အလွန်နည်းပါတယ်။ နောက်တစ်ချက်က ရန်ပုံငွေဟာ အမျိုးသမီးများ ဦးဆောင်တဲ့ စီးပွားရေးလုပ်ငန်းများအတွက် ရေရှည်ငွေကြေးရင်းမြစ်ပါ။ အဖွဲ့ဝင်တွေအတွက် ငွေကြေးခိုင်မာမှုကို ပေးပါတယ်။

နံ့ယောကျေးရွာက မုန့်လုပ်ငန်းဟာ ရွာပတ်ဝန်းကျင်က ဝယ်ယူသူများအတွက် တစ်လလျှင် အော်ဂန်းနစ် Chiffon ကိတ် အများဆုံး ၁၁၅ လုံးအထိ ရောင်းချရပါတယ်။ ပိတ်ရက်တွေနဲ့ ပွဲရာသီတွေမှာ ကိတ်မုန့် ပိုရောင်းရပြီး အဖွဲ့ဝင်တွေကလည်း ပါဝင်ကူညီကြပါတယ်။

P4 စီမံကိန်းကပေးတဲ့ နှစ်ရက်တာ မုန့်လုပ်သင်တန်း တက်ရောက်ပြီး နောက်မှာ မဝေမာက အခြားအဖွဲ့ဝင်တွေကို သူသင်ယူခဲ့ရသမျှ ပြန်လည် မျှဝေခဲ့ပါတယ်။

"ခုဆိုရင် ရွာထဲက အမျိုးသမီးအားလုံးနီးပါး မုန့်လုပ်နိုင်ကြပြီ။ ကျွန်မကတော့ မုန့်လုပ်ငန်း အဆင့်တိုင်းမှာ ကျန်းမာရေးနဲ့ ညီညွတ်ဖို့၊ သန့်ရှင်းဖို့ အဓိက အလေးထားပါတယ်" လို့ မဝေမာက ပြောပါတယ်။

ပုံမှန်အရွယ်ကိတ်မုန့်တွေကို ၂၀၀၀ ကျပ်ကနေ စတင်ရောင်းချပါတယ်။ ကျောင်းသားတွေ၊ ကလေးတွေအတွက် ၁၆၀၀ ကျပ်နဲ့ ရောင်းချတဲ့ အရွယ်တွေလည်း ထုတ်ပါတယ်။ ကျေးရွာကျောင်းမှာ ကိတ်မုန့်က လူကြိုက်များတဲ့မုန့်တစ်ခုပါ။

မဝေမာအတွက်တော့ ကလေးတွေကို ကိတ်မုန့်ရောင်းတာ အကျိုးရှိပါတယ်လို့ ဆိုပါတယ် "ကျောင်းဆရာမတစ်ယောက် အနေနဲ့ ကလေးတော်တော်များများဟာ ကျန်းမာရေးနဲ့ မညီညွတ်တဲ့ မုန့်တွေစားတာကို တွေ့ရတယ်၊ ခုဆို ကျွန်မတို့ရဲ့ ကိတ်မုန့်တွေစားလို့ သူတို့ပိုကျန်းမာတာပေါ့ - ကျွန်မတို့က လတ်ဆတ်တဲ့ပစ္စည်းတွေပဲ သုံးပြီး ကိတ်မုန့်တွေမှာ ဘာဓာတုပစ္စည်းမှ မပါဘူးလေ။"

နံ့ယောကျေးရွာ အမျိုးသမီးများအဖွဲ့က ဆန်လက်လီရောင်းတဲ့ လုပ်ငန်းလည်း လုပ်ပါတယ်။ လုပ်ငန်းတွေကရတဲ့ အမြတ်တွေကို စုငွေ၊ ချေးငွေ ရန်ပုံငွေထဲကို ပြန်ထည့်ပြီး ရပ်ရွာလူထုထဲက အမျိုးသမီးများအတွက် ရေရှည် ငွေရင်းမြစ်ကို ဖြစ်လာစေပါတယ်။

အမျိုးသမီးများရဲ့ စီးပွားရေးစွမ်းဆောင်ရည် တိုးမြင့်လာဖို့က ငွေကြေးလက်လှမ်းမီဖို့အပြင် အခြားလိုအပ်ချက်များစွာ ရှိပါတယ်။ အမျိုးသမီးအဖွဲ့ကို ဖွဲ့စည်းခြင်းဖြင့် စိတ်တူ ကိုယ်တူ ရည်ရွယ်ချက်အတူတူဖြင့် ရပ်ရွာအကျိုးဆောင်ရွက်နိုင်ပါတယ်။ အတွေ့အကြုံတွေ မျှဝေပြီး အပြန်အလှန် အကူအညီပေးနိုင်တဲ့ အဖွဲ့ဝင်တွေလည်း ဖြစ်ပါတယ်။

NETWORK ACTIVITIES GROUP ICCO COOPERATION DaNa Facility UKaid

February 2020

## SUCCESS STORY:

## Women's Ecomonic Empowerment the Key to Sustainable Development



*Ma Wai Mar demonstrates how to bake chiffon cakes for members of the Nan Yaw Village Women's Group*

Empowering women to participate in economic activity results in stronger and more sustainable development. A vibrant economy where women are able to participate equally – as business owners, workers, and consumers – is good for business, good for society, and good for the country.

Ma Wai Mar, a teacher and village development volunteer from Nan Yaw Village in Yangon, is busy playing several roles in her community. The 38-year-old is a leader of the women's group's bakery business, works as an accountant for the Regional Farmers Development Association (RFDA), and is also the village librarian.

"I have improved my social skills, community engagement and gained financial management knowledge by volunteering," she said.

The women-led bakery business was set up with support from Network Activities Group (NAG) and the ICCO P4 project, funded by UK aid's DaNa Facility. The project promotes women's economic empowerment in Khayan and Thonegwa Townships in Yangon by encouraging the formation of women's groups and women-led enterprises.

Group members pay a monthly membership fee of MMK 2,000 that subsidises a low-interest savings and loan fund for women in the community. The fund has two key benefits: first, the 2% interest rate is much lower compared to the 10-20% charged by local money-lenders; and second, the fund is a sustainable source of financing for women-led enterprises. The fund provides financial stability for group members.

The bakery business at Nan Yaw Village sells up to 115 organic Chiffon cakes per month to customers around the village. The business is especially busy at certain times of the year, including holidays, however all the group members provide important contributions.

After attending a two-day bakery training course provided by the P4 project, Ma Wai Mar shared what she had learnt with other members of the group.

"Now almost all the women in the village can bake. As for me, I am mainly involved in the bakery business to ensure hygiene and cleanness in every step," said Ma Wai Mar.

The cakes sell for MMK 2,000 each for the regular size, though the business also produces a smaller size for students and children, which sells for MMK 1,600. The cakes have become a favourite at the village school.

For Ma Wai Mar, selling cakes to school children has an added benefit: "As a teacher, I know most of the children usually eat unhealthy snacks. It's better that they eat our cakes because they are healthier – we only use fresh ingredients and the cakes don't contain any chemicals."

The Nan Yaw Village Women's Group also runs a retail business selling rice. Profits from the businesses are fed back into the savings and loan fund, providing an inexpensive and sustainable source of credit for women in the community.

Women's economic empowerment requires more than access to finance. The group has given women the opportunity to work towards a common purpose. It has enabled them to come together to discuss issues important to them and their community, and it has provided a space where they can share experiences and provide support to each other.